မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

January 10 , 2023 | Volume 62, Number 6

| ၁၀.၁.၂၀၂၃ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၇၇ US$ |
| မြန်မာ့ရွှေဈေး | = ၂၇၆၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၄၀.၆ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၇၅.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၄.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၄.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၇၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၄၈၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၈.၆၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၉.၉၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၅၉၃ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## မန္တလေးဈေးကွက်တွင် မြေထောက်ပဲ ယခင်နှစ်များထက် အဖွင့်ဈေးကောင်းရနေ လက်ရှိပဲရာသီ၌ သုံးတင်းတစ်အိတ်ကို ကျပ် ၂၄၀၀၀၀ ဖြင့် ရန်ကုန် exporter များ တောက်လျှောက်ဝယ်ယူနေ


https://news-eleven.com/article/242843

နှစ်ဆန်းပိုင်းတွင် ပေါ်ဦးပေါ်ဖျား မြေထောက်ပဲ မန္တလေးဈေးကွက်တွင် ယခင်နှစ်များထက် အဖွင့်ဈေးကောင်းရနေပြီး လက်ရှိပဲရာသီ၌ သုံးတင်းတစ်အိတ် ကို ကျပ် ၂၄၀၀၀၀ ဖြင့် ရန်ကုန် exporter များ တောက်လျှောက် ဝယ်ယူနေသည်ဟု မန္တလေးမြို့ ပဲကုန်သည်များထံက သိရ ပါသည်။

အဆိုပါ မြေထောက်ပဲသည် ၂၀၂၁ ခု နှစ်ဆန်းပိုင်း ယခုလို ပေါ်ခါစအချိန်က မြေထောက်ပဲအသစ်မှာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၀၅၀၀၀ ဈေးသာရှိပြီး ယမန်နှစ်တွင် သိသာထင်ရှားစွာ မြေထောက်ပဲကို ဇန်နဝါရီပထမပတ်တွင် ဈေးစတင်ဖွင့်လှစ်ခြင်း သုံးတင်းဝင်တစ်အိတ်ကို ကျပ် ၁၄၀၀၀၀ ဈေးဖြင့် ဈေးကောင်းရခဲ့ကြောင်း ယခုနှစ်တွင် ပဲအသစ်ပေါ်ပေါ်ခြင်း တစ်နေ့အိတ် ၂၀၀၀ လောက်ကို ရန်ကုန်ဝယ်လက်သမားက ကျပ် ၂၄၀၀၀၀ ဈေးဖြင့် တောက်လျှောက်ဝယ်ယူနေသည်ဟု မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) ပြန်ကြားရေးတာဝန်ခံကပြောကြားသည်။

"မြေထောက်ပဲက မန္တလေးဈေးကွက်ထဲ အသစ်ပေါ်နေပြီး အသစ်ပေါ်ပေါ်ခြင်းကို ရန်ကုန် exporter သမားက တောက်လျှောက်ဝယ်နေတယ်။ ဒီနေ့ဈေး ၅၄ ပိဿာဝင် သုံးတင်းတစ်အိတ်ကို ၂၄၀၀၀၀ ဈေးပေါက်နေတယ်။ တစ်ရက်ကို ဈေးကွက်ထဲ အိတ် ၂၀၀၀ လောက်ဝင်တာကို အိတ်စ်ပိုစ့်သမား ဝယ်ယူနေတယ်။ မနှစ်က ငွေဈေးကနည်းတော့ ပဲဈေးပေါ်ပေါ်ခြင်း ၁၄၀၀၀၀ ရှိပေမဲ့ ဒီနှစ်ကငွေဈေး တက်တော့ ပဲဈေးတက်တာပေါ့။ ဒါပေမယ့် မြေထောက်ပဲဈေး အဖွင့်ဈေး ဈေးကောင်းရတယ်လို့ပြောလို့ရပါတယ်။ အခုရက်ပိုင်း နှမ်းဈေး ဈေးပြန်တက်တယ်။ စမုန်နှမ်းအနက်ဈေး ၂၈၅၀၀၀ဈေးထိပ်စဈေးပေါ့ နှမ်းဖြူထိပ်စဈေး ၂၉၀၀၀၀ ဈေး ရှိတယ်၊ နှမ်းဈေးကောင်းနေတယ်" လို့ မန္တလေးပွဲစား၊ ကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)ပြန်ကြားရေးတာဝန်ခံကပြောကြားသည်။

မြေထောက်ပဲသည် မိုးများသည့် ဒေသများနှင့်အပူပိုင်းဒေသများတွင် စိုက်ပျိုးလို့မရပဲ ရာသီဥတုသင့်တင့်မျှတသည့် ဧရာဝတီမြစ်ရိုးအထက်ပိုင်း မတ္တရာ၊ စဥ့်ကူး အထက်ပိုင်းမှစပြီး ကသာ၊ ဗန်းမော်ဒေသအထိ စိုက်ပျိုးကြသည်။ ချင်းတွင်းမြစ်ရိုး

အထက်ပိုင်း ကလေး၊ ကလေးဝတို့တွင် စိုက်ပျိုးကြပြီး မြန်မာနိုင်ငံတွင် ကသာ၊ ဗန်းမော်ဒေသမှထွက်သည့် မြေထောက်ပဲသည် အရောင်ညို အလုံးကြီးပြီး ဈေးကွက်ဝင် အကောင်းဆုံးမြေထောက်ပဲနှင့် ပခုက္ကူ၊ မြစ်ခြေနယ်တို့မှထွက်ရှိသည့် ပဲယင်းများမှာ ဈေးကွက်တွင် အကောင်းဆုံးဖြစ်ကြောင်း သိရသည်။

**Source:** https://news-eleven.com/article/242843

## ၉ လအတွင်း ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံနီးပါး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ၅၉ ခု ဝင်ရောက်ခဲ့၊ စင်ကာပူလုပ်ငန်းအများစုဖြစ်ပြီး တရုတ်ရင်းနှီးမြှုပ်နှံမှု ဒေါ်လာသန်း (၁၀၀) မပြည့်

လက်ရှိဘဏ္ဍာနှစ် ၂၀၂၂-၂၀၂၃ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ (၉)လအတွင်း မြန်မာနိုင်ငံကို အမေရိကန်ဒေါ်လာ (၁.၄၆) ဘီလီယံတန်ဖိုးရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း – FDI (၅၉)ခု ဝင်ရောက်ခဲ့တယ်လို့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) က ဖော်ပြထားပါတယ်။

ကန်ဒေါ်လာ (၁.၅) ဘီလီယံနီးပါး ဝင်ရောက်ခဲ့တဲ့ ဒီပမာဏက နိုင်ငံ (၈) နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးဖြစ်ပြီး လုပ်ငန်းအများစုက လျှပ်စစ်၊ စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်မှု၊ အိမ်ခြံမြေနဲ့ ဝန်ဆောင်မှုကဏ္ဍတွေမှာ ဝင်ရောက်ရင်းနှီးမြှုပ်နှံထားကြပါတယ်။

စင်ကာပူကတော့ ဘဏ္ဍာနှစ် (၉)လအတွင်း နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရဲ့ ထိပ်တန်းရင်းမြစ်ဖြစ်လာခဲ့ပြီး စင်ကာပူအခြေစိုက်လုပ်ငန်း (၁၄) ခုရဲ့ မြန်မာနိုင်ငံမှာ ရင်းနှီးမြှုပ်နှံမှုပမာဏက ကန်ဒေါ်လာ (၁.၁၅၄) ဘီလီယံအထိ ရှိနေပါတယ်။

ဟောင်ကောင်ရဲ့ ရင်းနှီးမြှုပ်နှံမှုကိုကြည့်ရင် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၂) ခုရဲ့ ခန့်မှန်းမတည်ရင်းနှီးငွေ ကန်ဒေါ်လာ (၁၆၅) သန်းကျော်နဲ့ မြန်မာနိုင်ငံမှာ ဒုတိယအကြီးဆုံး ရင်းနှီးမြှုပ်နှံသူအဖြစ် ရပ်တည်နိုင်ခဲ့ပါတယ်။

တရုတ်ရဲ့ ရင်းနှီးမြှုပ်နှံမှုကတော့ MIC ထုတ်ပြန်ခဲ့တဲ့ အချက်အလက်တွေအရ ရင်းနှီးမြှုပ်နှံမှုအများဆုံးပြုလုပ်သူတတိယနေရာမှာသာရှိနေခဲ့ပြီး လုပ်ငန်း (၂၇) ခုရဲ့ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးက ဒေါ်လာ (၉၅) သန်းကျော်သာရှိနေကာ ဒေါ်လာသန်း (၁၀၀) ပင် မပြည့်ပေ။

ကိုရီးယားနိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှု (၂) ခု မြန်မာနိုင်ငံထံ ဝင်ရောက်လာတယ်လို့ MIC က ထုတ်ပြန်ထားပြီး ဘီလီဇ်၊ ဂျပန်၊ တရုတ်(တိုင်ပေ)နဲ့ ယူကေနိုင်ငံတို့ လုပ်ငန်းတစ်ခုစီက လွှန်ခဲ့တဲ့ (၉)လအတွင်း အသီးသီးရင်းနှီးမြှုပ်နှံခဲ့ကြပါတယ်။

**Source: BETV Business**

## ရော်ဘာဈေး အကျဈေးတွင်ရှိပြီး ဈေးကွက်အေးနေ




ပြည်တွင်းရော်ဘာဈေး အကျဈေးတွင်ရှိနေပြီး ဈေးကွက်အေးနေကြောင်း ရော်ဘာလုပ်ငန်းရှင်များထံမှ သိရသည်။

အဓိကအားဖြင့် ကမ္ဘာ့ရော်ဘာဈေး ကျဆင်းနေခြင်းဖြစ်သောကြောင့် ပြည်တွင်းရော်ဘာဈေးပါ လိုက်ပါကျဆင်းနေခြင်းဖြစ်ကြောင်းသိရပြီး ပြည်ပအဝယ်လည်း နည်းနေကြောင်းသိရသည်။ “လက်ရှိ ရော်ဘာဈေးကွက်ကတော့ ပုံမှန်ပါပဲ၊ ဈေးနှုန်းကလဲ အကျဈေးမှာ ငြိမ်နေတယ် ၊တစ်လလောက်ရှိပြီးကမ္ဘာ့ဈေး ကျနေလို့ လိုက်ကျတာပါ။

ဈေးရရှိမှု တွက်ခြေကိုက်မကိုက်ဆိုတာ ကိုယ်စိုက်ထားတဲ့မျိုးနဲ့ ပဲဆိုင်တယ်။ ပေါင် ၇၀၀ တန် ၈၀၀ တန်ထွက်တဲ့ မျိုးတွေစိုက်ထားတဲ့ခြံဆို အမြတ်အစွန်းနည်းတယ်။ ပေါင် ၁၂၀၀၊ ၁၅၀၀ တန် စိုက်ထားတဲ့ ခြံတွေကတော့ ဒီဈေးနဲ့လုပ်သာကိုင်သာရှိတာပေါ့” ဟု မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း အတွင်းရေးမှူး ဦးခိုင်မြင့်ကပြောသည်။

ယခင်က ပြည်တွင်းရော်ဘာတစ်ပေါင်လျှင် ၁၂၀၀ ကျော်အထက် တွင် ရှိခဲ့ ပြီး လက်ရှိတစ်ပေါင်လျှင် ၁၂၀၀ ကျပ်သာ ရှိတော့ကြောင်း သိရသည်။

ပြည်ပလိုအပ်ချက်အနည်းငယ်ရှိနေပြီး ဒေါ်လာဈေးမှာလည်း အမြင့်ဈေးတွင်ရှိနေသောကြောင့် ရော်ဘာဈေးမှာ တစ်ထောင် အထက်တွင်ရှိနေ၍သာ လုပ်သာကိုင်သာရှိနေရခြင်းဖြစ်ကြောင်း ရော်ဘာစိုက်တောင်သူများထံမှ သိရ သည်။

ရော်ဘာတစ်နိုင်ငံလုံး စိုက်ဧက တစ်သန်းခြောက်သိန်းနှင့် လေးသောင်းကျော်ထိရှိပြီး ရော်ဘာအထွက်နှုန်းမှာ တစ်နှစ်နှင့် တစ်နှစ် အထွက်နှုန်းများလေ့ရှိကြောင်းလည်း သိရသည်။ " တစ်နှစ်ထက်တစ်နှစ် ထွက်နှုန်းတက်လာတယ်။ အထွက်နှုန်းက အခုစိုက်ထားတဲ့ တစ်သန်းခြောက်သိန်းနှင့် လေးသောင်းကျော်ရဲ့ ထက်ဝက်ပမာဏ ထွက်သေးတာဆိုတော့နောက်ထပ် ထုတ်လုပ်မှုထက်ဝက် ကျန်သေးတာဆိုတော့ တစ်နှစ်ချင်း တစ်နှစ်ထုတ်လုပ်မှုတက်လာလို့ အထွက်နှုန်းကလဲ တက်လာတာပေါ့ " ဟု ရော်ဘာစိုက်လုပ်ငန်းရှင်တစ်ဦးကပြောသည်။

ပြည်တွင်း၌ ရော်ဘာသုံးစွဲမှုနည်းသောကြောင့် ပြည်တွင်းရော်ဘာဈေးကွက်အနေဖြင့် ပြည်ပကိုသာ အားထားတင်ပို့နေရကြောင်းသိရသည်။

လက်ရှိတွင် မြန်မာ့ရော်ဘာစုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းခန့်အား တရုတ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိကာ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ကိုရီးယား၊ အိန္ဒိယနှင့်ဂျပန်နိုင်ငံများသို့လည်း တင်ပို့မှုများရှိကြောင်း၊ အများဆုံးအနေဖြင့် ပင်လယ်ရေကြောင်းမှ တင်ပို့လျက်ရှိကြောင်း သိရသည်။

လက်ရှိ နိုင်ငံတကာ ရော်ဘာပေါက်ဈေးမှာ ဒေါ်လာ ၁၆၀၀ သာရှိပြီး ကျဆင်းနေကြောင်း သိရသည်။ ကိုဗစ်နှင့် ကမ္ဘာ့စစ်ပွဲများကြောင့် ကျဆင်းနေသည့် ကမ္ဘာ့စီးပွားရေး ပြန်လည်ကောင်းလာပါက ရော်ဘာဈေးကွက်မှာ ပြန်လည်ကောင်းမွန်လာမည် ဖြစ်ကြောင်းသိရသည်။

ရော်ဘာကို မြန်မာနိုင်ငံ တောင်ပိုင်းဒေသများဖြစ်သည့် မွန်ပြည်နယ်နှင့်တနင်္သာရီတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးမှုများရှိကာ မိုးရာသီတွင် ရော်ဘာလုပ်ငန်းများ ရပ်နားလျက်ရှိသည်။

**Source: [http:/htwettoe.com/](http:/htwettoe.com/)**

## မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် တစ်ပတ်အတွင်း ကုန်သွယ်မှုတန်ဖိုး ဒေါ်လာ ၁၇ သန်းကျော် ဆောင်ရွက်နိုင်

မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် ဇန်နဝါရီ ၈ ရက်တွင် ပို့ကုန်တန်ဖိုး ဒေါ်လာ ၁ ဒသမ ၀၉၀ သန်းနှင့် သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၁ ဒသမ ၅၃၃ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး၊ စုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂ ဒသမ ၆၂၃ သန်းရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်သွယ်ရေးဇုန်မှ အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ဖရဲသီး၊ ကဏန်း၊ နှမ်းနက်၊ ဆန်ကွဲ (B 1-2)၊ ဆန်ကွဲ (A 1-2)၊ ငျှော်ဖြူ၊ ငါးရှဉ့်၊ ပဲတီစိမ်း၊ ကြံနှင့်ကြက်သွန်နီတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ရွှေရောင်/ငွေရောင် ဒန်သတ္တုပြားများ၊ လိမ္မော်သီး၊ ကားဘရိတ်၊ ရေဘားအကြီး၊ သံချေးမတက်သည့်စတီးပိုက်၊ သံပိုက်၊ ကြွေပန်းကန်လုံး/ကြွေပန်းကန်ပြား၊ ဆေးသကြား၊ ဒန်ပလတ်စတစ်ဖြင့်ပြုလုပ်ထားသည့် ထုတ်ပိုးအိတ်နှင့်ပန်းသီးတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၈ ရက်အထိ တစ်ပတ်အတွင်း ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ ၈ ဒသမ ၀၇၃ သန်း၊ သွင်းကုန်တန်ဖိုး ကန်ဒေါ်လာ ၉ ဒသမ ၈၇၄ သန်း၊ ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၁၇ ဒသမ ၉၄၇ သန်း ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်းအနေဖြင့် တစ်ယွမ်လျှင် ၃၀၁ ဒသမ ၃၁၈ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင် ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ကယားတောင်ကုန်းမြင့်ကော်ဖီ ပြည်ပဈေးကွက်အထိ တင်ပို့နေပြီ

ကယားပြည်နယ်တွင် စပါးနှင့်ပြောင်းကို အဓိကထားစိုက်ပျိုးလျက်ရှိပြီး အချို့ဒေသများတွင် ရွှေ့ပြောင်းတောင်ယာမှ နှစ်ရှည်သီးနှံပြောင်းလဲ၍ ကော်ဖီသီးနှံကို နှစ်ရှည်သီးနှံအဖြစ် စိုက်ပျိုးလာရာ ၂၀၂၁-၂၀၂၂ ခုနှစ် ကော်ဖီစိုက်ဧက ၇၀၉ ဧက၊

ရိတ်ကာ ၂၀၈ ဧကနှင့် တစ်ဧက ၁၄၆ ပိဿာခန့် စုစုပေါင်းအထွက်နှုန်းမှာ ၃၀၄၈၃ ပိဿာထွက်ရှိကြောင်း သိရသည်။ ကော်ဖီကို ဒီမောဆို၊ ဒေါဘျာကူဒေသနှင့် ဖရူဆို ဟိုယာ/ဘီယာဒေသများတွင် အများဆုံးစိုက်ပျိုးကြပြီး နည်းပညာ အနေဖြင့် ဂျပန် (စိုက်၊ ခူး၊ သန့်စင်) နည်းဖြင့်စိုက်ပျိုး၍ ပြည်တွင်းဈေးကွက်အနေဖြင့် ရန်ကုန်မြို့သို့တင်ပို့ကာ ပြည်ပ ဈေးကွက် အနေဖြင့် စင်ကာပူ၊ ဂျပန်နိုင်ငံများသို့ တစ်နိုင်တစ်ပိုင် တင်ပို့လျက်ရှိသည်။ ကယားတောင်ကုန်းမြင့်ဒေသမှာ အာရေဗီကာနှင့် ကယားလီကော်ဖီ အမျိုးအစားများထုတ်လုပ်ပြီး ကော်ဖီမှုန့် ၁၀၀ ဂရမ် တစ်ထုပ်လျှင် ငွေကျပ် ၂၅၀၀၊ ၂၀၀ ဂရမ် တစ်ထုပ် လျှင် ငွေကျပ် ၄၅၀၀ ဖြင့် ဈေးကွက်အတွင်း ရောင်းချလျက်ရှိကြောင်း သတင်းရရှိသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ အထက်အောက်ငါးနှစ်ကောင်တွဲ ပန်းပုရုပ်များဝင်ရောက်လာ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ အထက်အောက်ငါးနှစ်ကောင်တွဲ ပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ တော်ဝင်မြန်မာအမှတ်တရ လက်ဆောင်ပစ္စည်း အရောင်းစင်တာ မန်နေးဂျင်းဒါရိုက်တာ ဒေါ်ခင်မြင့်ခိုင်က ပြောပြ၍သိရသည်။

အဆိုပါ အထက်အောက်ငါးနှစ်ကောင်တွဲ ပန်းပုရုပ်များမှာ ကျောက်ဆက်များကြားတွင် အထက်အောက် ငါးနှစ်ကောင်တွဲ သွားလာနေသည့်ပန်းပုရုပ်များဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်း ဈေးကွက်အတွင်းသို့ ဝင်ရောက်လာကြောင်းသိရသည်။

"ဒီဇန်နဝါရီလထဲမှာ ပန်းပုရုပ်အနေနဲ့ အထက်အောက်ငါးနှစ်ကောင်တွဲပန်းပုရုပ်တွေ မန္တလေးဘက်ကနေ ဈေးကွက်ထဲကို ဝင်လာပါတယ်။ နှစ်ကောင်တွဲလေးဖြစ်ပြီးတော့ ဈေးနှုန်းကတော့ နှစ်ကောင်တွဲပန်းပုရုပ်တစ်ရုပ်ကို ငွေကျပ် ၂၅၀၀၀ ဖြစ်ပါတယ်" ဟု ဒေါ်ခင်မြင့်ခိုင်က ပြောပြသည်။

အဆိုပါ အထက်အောက်ငါးနှစ်ကောင်တွဲ ပန်းပုရုပ်များမှာ အလျား ၇ လက်မ၊ အမြင့် ၁၂ လက်မ အရွယ်အစားရှိပြီး ဈေးကွက်အတွင်းသို့ ပန်းပုရုပ်အရေအတွက် ၃၀၀ ခန့် ဝင်ရောက်လာခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ပန်းပုရုပ်အရေအတွက် ၂၀ ခန့် ရောင်းချထားပြီးဖြစ်ကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ထိုင်းနိုင်ငံတွင် ဗီယက်နမ်ဆန်စိုက်ပျိုးမှုက ကြီးမားသော ပြဿနာဖြစ်ပေါ်လာနိုင်ခြင်း

ထိုင်းတံဆိပ်ကပ်ထားသောဆန်များ၏ စစ်မှန်မှုကိုကာကွယ်ရန် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများရှိသော်လည်း ထိုင်းလယ်သမားများသည် ပို၍ဈေးချိုပြီး စိုက်ပျိုးရန်လွယ်ကူကာ စားသုံးသူများအကြိုက်နှင့်ထပ်တူကျသော ဗီယက်နမ်ဆန် အမျိုးအစားသို့ ပြောင်းလဲစိုက်ပျိုးနေကြသဖြင့် ကမ္ဘာ့ဒုတိယဆန် တင်ပို့မှုအများဆုံးနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၏ ဆန်လုပ်ငန်းသည် မရေရာမှုများရှိနေသည်ဟု Nikkei Asia သတင်းဌာနက ဖော်ပြထားပါသည်။

ထိုင်းနှင့်ဗီယက်နမ်မျိုးစေ့များအကြား ခွဲခြားနိုင်ရန်ခက်ခဲသောကြောင့် အရည်အသွေးထိပ်တန်းဖြစ်သည်ဟု ကြေညာပြီး တင်ပို့ခဲ့သောထိုင်းဆန်သည် ယခုအခါ မေးခွန်းထုတ်စရာဖြစ်လာကြောင်း၊ လက်ရှိ ကမ္ဘာ့အဓိကဆန်တင်ပို့သည့် နိုင်ငံနေရာကို ထိန်းသိမ်းရန် တစ်ခုခုဆောင်ရွက်ရန်လိုအပ်နေကြောင်း၊ ထိုင်းနိုင်ငံ၏ အပင်မျိုးစိတ်များ အကာအကွယ်ပေးရေး အက်ဥပဒေအရ ထိုင်းနိုင်ငံသို့ မျိုးစေ့များတင်သွင်းမှုကို တားမြစ်ထားသောကြောင့် ထိုင်းမြေပေါ်တွင် ဗီယက်နမ်ဆန် အမျိုးအစား စိုက်ပျိုးခြင်းသည် တရားမဝင်ပါကြောင်း၊ သို့သော်လည်း မျိုးဗီဇ (DNA) စမ်းသပ်စစ်ဆေးမှုပြုလုပ်ခြင်းမရှိပါက ထိုင်းဆန်နှင့်ဗီယက်နမ်ဆန်အကြား ကွဲပြားချက်ကို မည်သူမျှမမြင်နိုင်သောကြောင့် ထိုင်းလယ်သမားများသည် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များကို လျစ်လျူရှုလာကြကြောင်းကို ထိုင်းဆန်တင်ပို့သူများအသင်း၏ ဥက္ကဋ္ဌဖြစ်သူ Charoen Laothamatas က ပြောကြားခဲ့ပါသည်။

ထိုင်းနိုင်ငံတွင် စိုက်ပျိုးလျက်ရှိသော ဗီယက်နမ်ဆန်အမျိုးအစားဖြစ်သည့် Jasmine 85 သည် စိုက်ပျိုးပြီး ရက်ပေါင်း (၉၀) ကြာတွင် ရိတ်သိမ်းနိုင်ရာ သီးနှံများကိုတစ်နှစ်လျှင် အကြိမ်များစွာစိုက်ပျိုးနိုင်ပြီး ပိုမိုလွယ်ကူသောကြောင့် ရေသွင်း စိုက်ပျိုးရေးစနစ်ကောင်းရှိသည့် ထိုင်းနိုင်ငံအလယ်ပိုင်းရှိ လယ်သမားများက ပိုမိုစိုက်ပျိုးကြကြောင်း၊ ထိုင်းဆန်မျိုးစေ့ များသည် စိုက်ပျိုးရန်ပိုမိုခက်ခဲကြောင်း၊ ဟုန်မာလီ (Hom Mali) အမျိုးအစားသည် ပို၍မွှေးသော်လည်း ရင့်မှည့်ရန် ရက်ပေါင်း (၁၂၀) ကြာမြင့်ပြီး၊ အရှေ့မြောက်ကုန်းမြင့်ဒေသများတွင် တစ်နှစ်လျှင် တစ်ကြိမ်တည်းအဖြစ် မိုးရာသီ၌သာ စိုက်ပျိုး နိုင်ကြောင်း၊ ဗီယက်နမ်ဆန်များကို ထိုင်းနိုင်ငံအလယ်ပိုင်းသို့ မည်သည့်အချိန်က ခိုးသွင်းခဲ့သည်ကို မသိနိုင်သော်လည်း Charoen ၏ ခန့်မှန်းချက်အရ လွန်ခဲ့သည့် နှစ်အနည်းငယ်ခန့်ကစ၍ လယ်သမားများမှ အထွက်နှုန်းကောင်းပြီး စျေးသက်သာသောထုတ်လုပ်မှုကို ရှာဖွေလာကြကြောင်းကို ဖော်ပြထားပါသည်။

ထိုင်းနိုင်ငံသည် ဆယ်စုနှစ်သုံးခုကျော်အတွင်း ကမ္ဘာ့ဆန်တင်ပို့မှုအများဆုံးဖြစ်ခဲ့သော်လည်း ၂၀၁၁ ခုနှစ်မှစ၍ အခြား နိုင်ငံများသည် ထိုင်းနိုင်ငံကိုကျော်လွန်၍ ဆန်တင်ပို့လာကြပြီး၊ လက်ရှိတွင် အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အများဆုံး ဆန်တင်ပို့သည့်နိုင်ငံဖြစ်ပါသည်။ ဆန်တင်ပို့မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ရေး ထိုင်းနိုင်ငံသည် ဗီယက်နမ်နိုင်ငံနှင့် အပြိုင်ဖြစ် နေပြီး၊ ထိုင်းနိုင်ငံသည် စျေးကွက်အတွင်း၌ သင့်တင့်မျှတသောစျေးနှုန်းရှိသည့် ဆန်မျိုးစေ့များကို မရောင်းချနိုင်သောကြောင့် ယှဉ်ပြိုင်ဆိုင်မှုသည် ပြင်းထန်ပါကြောင်းကို ထိုင်းနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး သုတေသန (TDRI) ကို ကိုးကား၍ ဖော်ပြထား ပါသည်။

နိုင်ငံတကာကုန်သွယ်မှုဆောင်ရွက်နေသော ကုန်သည်တစ်ဦးက "ထိုင်းနိုင်ငံသည် ၎င်း၏ ဆန်မျိုးစေ့များကို ကမ္ဘာ့စျေးကွက် လိုအပ်ချက်များနှင့်ကိုက်ညီအောင် တီထွင်ထုတ်လုပ်ရန်ပျက်ကွက်ပြီး အခြားမျိုးစေ့များကို ၎င်း၏ပို့ကုန်အဖြစ်တင်ပို့ပါက ပြဿနာကြီးတစ်ခုဖြစ်ကြောင်း" ပြောကြားခဲ့ပါသည်။

လယ်သမားများထံ အထွက်နှုန်းကောင်းသော မျိုးစေ့သစ်များကိုပေးအပ်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ထိုင်းစိုက်ပျိုးရေး ဝန်ကြီးဌာန၏ ဆန်စပါးဦးစီးဌာနအပေါ်ဝေဖန်မှုများ ထွက်ပေါ်ခဲ့သော်လည်း အဆိုပါဌာနက လိုအပ်ချက်အမျိုးမျိုးကို ဖြည့်ဆည်းပေးနိုင်ရန် မျိုးစေ့ပေါင်း (၁၇၁) မျိုးကို တီထွင်ထားကြောင်း၊ Kasikorn သုတေသနစင်တာမှ လေ့လာသူတစ်ဦးက ဆန်မျိုးစေ့ကွဲများကို ပူးပေါင်းဆောင်ရွက်မှုဖြင့် လယ်သမားများထံ အရောက်ဖြန့်ဝေရာ၌ အားနည်းမှုများရှိကြောင်း ပြောကြားခဲ့ပါသည်။

ကုန်ထုတ်စွမ်းအားကျဆင်းခြင်းသည် ထုတ်လုပ်မှုကုန်ကျစရိတ်ကို မြင့်မားလာစေပြီး ရေရှည်တွင် ထိုင်းဆန်လုပ်ငန်း၏ ယှဉ်ပြိုင်မှုအားသာချက်ကို လျှော့ချနိုင်သောကြောင့် အပြစ်တင်သင့်သည့် အကြောင်းအရင်းအစစ်အမှန်ဖြစ်ကြောင်းကို TDRI ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထိုင်းဆန်တင်ပို့သူများအသင်း၏အဆိုအရ ဗီယက်နမ်နှင့် အိန္ဒိယဆန်တို့သည် တစ်ရိုင် (၁၆၀၀ စတုရန်းမီတာ) လျှင် ၈၀၀ ကီလို ဂရမ်ထွက်ရှိပြီး၊ လာအိုဆန်သည် ၅၀၀ ကီလိုဂရမ် ထွက်ရှိပါကြောင်း၊ အဆိုပါနိုင်ငံများနှင့်နှိုင်းယှဉ်ပါက ထိုင်းနိုင်ငံ၏ ဆန်ထွက်ရှိ မှုသည် တစ်ရိုင်လျှင် ၃၀၀ ကီလိုဂရမ်မှ ၄၀၀ ကီလိုဂရမ်သာရှိကြောင်း ဖော်ပြထားပါသည်။

**Source:** https://asia.nikkei.com/Business/Markets/Commodities/Vietnamese-rice-in-Thailand-s-fields-poses-growing-problem

https://www.commerce.gov.mm/my/article/update-news-international-trade

## အီရန်နိုင်ငံက အိန္ဒိယနိုင်ငံမှ ဘာစမာတီဆန်နှင့်လက်ဖက်ခြောက် အဝယ်ရပ်

အီရန်သည် နှစ်စဉ် အိန္ဒိယနိုင်ငံမှ လက်ဖက်ခြောက် ကီလိုဂရမ် ၃၀-၃၅ သန်း နှင့် ဘာစမာတီဆန် ကီလိုဂရမ် ၁.၅ သန်း ဝန်းကျင်ကို ဝယ်ယူနေကျဖြစ်သည်။

ယခုလို အဝယ်ရပ်တရက်ရပ်လိုက်သည်မှာ အိန္ဒိယအစိုးရနှင့် အီရန်အစိုးရတို့က အရောင်းအဝယ်ကို အိန္ဒိယနိုင်ငံသုံးငွေဖြင့် ရောင်းဝယ်ဖောက်ကားကြရန် ဆွေးနွေးနေဆဲဖြစ်သောကြောင့်ဖြစ်မည်ဟု အချို့ကုန်သည်များက ယူဆကြသည်။



https://www.foodindustrydirectory.com.mm

သို့ဖြစ်ရာ လောလောဆယ်တွင် လက်ဖက်ခြောက်နှင့် ဘာစမာတီဆန် အဝယ် စာချုပ်အသစ်များချုပ်ဆိုခြင်း ရပ်ဆိုင်းထားလိုက်ကြသည်။ အီရန်ဝယ်လက်တို့က အဘယ်ကြောင့် အဝယ်ရပ်သည်ကို တစ်စုံတစ်ရာ ပြောကြားခြင်းမပြုကြချေ။

နောက်ထပ် ယူဆချက်တစ်ခုမှာ အီရန်တွင် ဆန္ဒပြခြင်းများ နေရာအနှံ့ ပြင်းထန်နေသဖြင့် ဆိုင်များ၊ ဟိုတယ်များ၊ ဈေးများ ပုံမှန်ဖွင့်လှစ်နိုင်ခြင်းမရှိသဖြင့် အခြေအနေစောင့်ကြည့်ရန် အသစ်ထပ်မမှာကြသေးခြင်းလည်း ဖြစ်နိုင်သည်။ ပြီးခဲ့သည့် သီတင်းပတ်မှစ၍ အရောင်းအဝယ် ကန်ထရိုက်စာချုပ်အသစ် ချုပ်ဆိုခြင်းများ ရပ်ဆိုင်းသွားခဲ့သည်ဟု အီရန်သို့ လက်ဖက်ခြောက်တင်ပို့နေသည့် Bhansali & Company မှ မန်နေဂျင်းဒါရိုက်တာ Anish Bhansali က ပြောကြားသည်။

**Source: economictimes**

https://www.foodindustrydirectory.com.mm/food-industry/cuisine/india/item/5439-iran-stops-buying-indian-tea-and-basmati.html

## STOCK EXCHANGE (10.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 10th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,632 (Shares) | 19,167,700 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +0 | +0.00% | 8,700 | 8,700 | 8,700 | 659 | 5,733,300 | 33,109,694 | 288,054 |
| MTSH | 00002 | 3,350 | +50 | +1.52% | 3,300 | 3,350 | 3,300 | 3,923 | 13,065,900 | 38,929,150 | 130,413 |
| MCB | 00003 | 7,500 | +100 | +1.35% | 7,400 | 7,500 | 7,400 | 49 | 363,500 | 10,400,986 | 78,008 |
| FPB | 00004 | 18,500 | +0 | +0.00% | 18,500 | 18,500 | 18,500 | 0 | 0 | 2,472,053 | 45,733 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 0 | 0 | 19,977,223 | 54,937 |
| AMATA | 00007 | 5,000 | +100 | +2.04% | 5,000 | 5,000 | 5,000 | 1 | 5,000 | 10,497,598 | 52,488 |


## Market summary

As of 10th Jan. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 392.60 | +2.32 | +0.59% | 390.28 | 392.60 | 390.28 | 4,632 | 19,167,700 | 7 | 682,973 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 10th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 4,632 (Shares) | 19,167,700 (MMK) |

## Main Board

As of 1:00 pm, 10th Jan. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,632 (Shares) | 19,167,700 (MMK) |

| MYANPIX | 392.60 ▲ 2.32 |
|---|---|
| Total Volume (shares) | 4,632 |
| Total Value (MMK) | 19 mil |
| Listed Company | 7 |
| Market Cap. (MMK) | 682,973 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 0 |
| MTSH | 00002 | 3,350 | ▲ 50 |
| MCB | 00003 | 7,500 | ▲ 100 |
| FPB | 00004 | 18,500 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,750 | ▲ 0 |
| AMATA | 00007 | 5,000 | ▲ 100 |